# AROMA
ဝိညာဉ်ရေးထုတ်စာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.cbc-dc.com

May 2009 အတွဲ ၆၊ အမှတ် ၅။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဧဝံဂေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။


**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်ခံတော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

### ယခုလဖတ်စရာ

- ဗတ္တိဇံရဲ့သဘောတရား
  Nature of Baptism
- ချီးမွမ်းခြင်း၏တန်ခိုး
  Power of Praise

### ဝိညာဉ်ရေးအကြံပေး

သိက္ခာတော်ရဆရာစောလယ်ထူး

### အယ်ဒီတာအဖွဲ့


ဦးကမ် (**ထုတ်ဝေရေး**)
ukamaroma@gmail.com
သောင်းနိုး (**ကွန်ပြူတာစာစီ**)
thawngnoaroma@gmail.com


### ကွန်ပြူတာစာစီ

တိုးတိုးခိုင်

---

စာမူပေးပို့လိုသူများအောက်ပါ
လိပ်စာသို့ပေးပို့နိုင်ပါသည်။


3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820


# ဗတ္တိဇံရဲ့သဘောတရား

ဗတ္တိဇံဆိုတဲ့ နှစ်ခြင်းအကြောင်းကို ပြန်သွားရအောင်။ ဒီကနေ့ ခရစ်ယာန်ဘာသာရေးလောကကြီးထဲမှာတော့ ရေနှစ်ခြင်းမင်္ဂလာဆိုတာ – ဘိုးဘေးဝါဒဝတ်စုံ၊ လက်ထပ်ခွင့်လိုင်စင်၊ ဘာသာဝင်လျှောက်လွှာ၊ ရေစိမ်မင်္ဂလာပွဲ၊ ရေငုတ်ပွဲအဖြစ်နဲ့အမျိုးမျိုးကွဲကာ အဓိပ္ပာယ်တွေပေါ်လို့နေပါတော့သည်။ ထိုအဓိပ္ပာယ်မျိုးနှင့်ပြုသောသဘော အားလုံးသည် ခရစ်တော်နှင့်မဆိုင်၊ ဘုရားသခင်၏နိုင်ငံတော်နှင့် မဆိုင် (လက်ရှိမြင်နိုင်သော အသင်းတော်များ)၊ ခရစ်ယာန်သာသနာ အယူဝါဒ ဓလေ့ထုံးတမ်းတစ်ခုနှင့်သာသက်ဆိုင်ပါ၏။

ဆိုလိုသည်မှာ 'ရေနှစ်ခြင်း' လုပ်ရပ်တူသော်လည်းရည်ရွယ်ရင်း၊ ရည်ရွယ်ချက်သဘောထားများကွဲလွဲနေသောကြောင့် 'ယုံကြည်ခြင်း' နှင့်မသက်ဆိုင်ဟု ပြောခြင်းဖြစ်၏။ ဘာပဲလုပ်လုပ်၊ ဘယ်လိုပဲလုပ်လုပ် .. ဘာကြောင့်လုပ်ရသလဲဆိုတဲ့ 'အသိ' ကအချုပ်ပါ။

## နှစ်ခြင်း၏အဓိပ္ပာယ်

လူတစ်ယောက်ကို 'နှစ်သည်' ဆိုရာ၌ ရွှံ့ဗွက်အိုင်ထဲသို့လည်းကောင်း၊ မစင်တွင်းထဲသို့လည်းကောင်း၊ ရေထဲသို့လည်းကောင်း နှစ်ပစ်လို့ရပါ၏။ တစ်ဖန်ကိုယ်ခန္ဓာတင်မက၊ စိတ်ကိုပါ တစ်စုံတစ်ခုသောစွဲလန်းတပ်မက်မှုဖြစ်စေနိုင်သည့် မူးယစ်ဆေးဝါး၊ အရက်၊ လောင်းကစားထဲ၌ နစ်မွန်းသွားအောင်ပြုလုပ်ခြင်းစသော 'လုပ်ဆောင်ချက်' အားလုံးအကြုံးဝင်၏။ မူးယစ်ဆေးဝါးထဲ၌ ဗတ္တိဇံခံ၍ နစ်မြုပ်နေကြသောလူငယ်များစွာရှိနေကြ၏။ ထိုအရာတစ်ခုထဲကိုသာ သူတို့သိတော့၏။ အချိန်တိုင်း၊ နေရာတိုင်း၌ထိုအရာဖြင့်သာ နေထိုင်ကြ၏။ သူတို့အတွက်မရှိမဖြစ်၊ မသုံးရ မနေနိုင်

*"ဘုရားသခင်ထံအကျုံးပေးအညံ့ခံခြင်းသည်*
*ဝတ်ပြုကိုးကွယ်ခြင်းနှလုံးသားပင်ဖြစ်သည်"*

လောက်အောင် အသက်နှင့်အမျှ အလေးထားကြ၏။ အချို့အသက် ပင်စတေးရသည် အထိ၊ ထိုတစ်စုံတစ်ခုသောအရာ၏ လွှမ်းမိုးအုပ်စိုးမှုအောက်၌ရှိခဲ့ကြ၏။ ထို့ကြောင့်နစ်ခြင်း= နစ်မြုပ်ခြင်းဟု သဘောပေါက်ရပေမည်။ တစ်စုံတစ်ခုသောအရာထဲသို့ ကိုယ်ကရောက်ရှိသွားခြင်း၊ တစ်စုံတစ်ခုသောအရာထဲ၌ ကိုယ်ကနစ်မြုပ်လျှက်ရှိနေခြင်းပင်။

## ဗတ္တိဇံသဘောတရားဖြင့်ရွေ့လျားခြင်း

ဤဖြစ်စဉ်ကို ခရီးသွားဗတ္တိဇံဟု မှတ်သားပါ။ မနက်တစ်ခု၌ လူအသီးသီး ရုံးတက်ရန်၊ နေအိမ်များမှ ကိုယ်စီထွက်လာခဲ့ကြ၏။ ကားဂိတ်သို့ရောက်ကြသောအခါ လူအုပ်ကြီးဖြစ်ခါ စုနေကြတော့၏။ တူညီသောဦးတည်ချက်တစ်ခုရှိ၏။ မြို့ထဲသို့ ရောက်ရန်ဖြစ်၏။ ထိုစဉ် လိုင်းကားကြီးတစ်စီး ထိုးဆိုက်လာ၏။ လူအုပ်ကြီးသည် ထိုကားပေါ်သို့အလုအယက် တိုးဝှေ့၍တက်ကြ၏။ လူပြည့်သွားတော့၏။ လူအားလုံးတို့သည် ဘတ်စ်ကားကြီးထဲ၌ ရှိနေကြပြီ။ ထိုအခါ ဘတ်စ်ကားကြီးသည် သူတို့ကိုသယ်ဆောင်ကာ ဆူးလေဂိတ်သို့ သယ်ဆောင်လာခဲ့၏။ အချိန်မှာ နာရီဝက်၊ လေးဆယ့်ငါးမိနစ်ခန့် ကြာ၏။

ထိုလူအုပ်ကြီး ခရီးတစ်လျှောက် ဘတ်စ်ကားကြီးထဲ၌ အတူတကွရှိနေသောအချိန်ကို 'ဗတ္တိဇံ' ဟုခေါ်၏။ သူတို့အားလုံးမြို့ထဲသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း၊ 'ရွေ့လျားရောက်ရှိ' သွားနိုင်ခြင်းသည်
ကားကြီးကြောင့်ပင် မဟုတ်ပါလား။

ကားကြီးအားဖြင့်လိုရာခရီးတစ်ခုရောက်သွားခြင်း၊ ကားကြီးကသာသယ်ဆောင်သွားပေးတာပါ။ (ကားကြီး၌ခံသောဗတ္တိဇံဟုမှတ်သားပါ)

လူအချို့တို့မြို့ပတ်ရထားနှင့်သွားကြ၏။ (မြို့ပတ်ရထား၌ ခံသောဗတ္တိဇံဟုမှတ်သားပါ)

အချို့က လှေသင်္ဘောတို့ဖြင့် တစ်ဖက်ကမ်းသို့ကူးကြ၏။ (သဘောတရားဖြစ်စဉ်မှာ အတူတူပင်)

ထို့ကြောင့် လူအပေါင်းတို့သည် နေ့စဉ်နေရာအနှံ့တို့၌ 'ခရီးသွားဗတ္တိဇံ' ကိုခံယူကြရ၏။ သို့မှသာကိုယ်လိုရာခရီးများ သို့ ပေါက်ရောက်နိုင်မည်မဟုတ်ပါလား။ ကိုယ်ကြောင့်လိုလိုဟုထင်ရသော၊ ကိုယ့်အားဖြင့်မဟုတ်သည့် 'အဆင်ပြေမှု' တစ်ခုဖြင့်လူတို့ အလုပ်ဖြစ်နေကြတော့၏။ 'ယာဉ်' မျိုးစုံတို့သည် လူပေါင်းစုံတို့အား ရောက်လိုရာခရီးနေရာပေါင်းစုံတို့သို့ နေ့စဉ်ပို့ဆောင်ပေးနေ၏။ ဗတ္တိဇံသဘောကို မြင်ရန်ဤကဲ့သို့ 'သရုပ်တင်'၍ရှင်းပြရခြင်းဖြစ်ပါ၏။

## ရေထဲတွင်နစ်၍ပို့ဆောင်ခြင်း

ဗတ္တိဇံဆရာယောဟန်လက်ထက်မှ စခဲ့သောနည်းဖြစ်သည်။ ရေ၌နစ်ခြင်း ခံယူရခြင်းမှာ မင်္ဂလာခံသောသူသည်သိနားလည်မှုမပါသော အတွင်းပြောင်းလဲခြင်းမရှိက၊ ဗတ္တိဇံမင်္ဂလာပေးခြင်းသည် အချည်းနှီးပင်ဖြစ်သည်။'ယုံကြည်၍ ဗတ္တိဇံကိုခံသောသူသည် ကယ်တင်တော်မူခြင်းသို့ရောက်လတံ့' (မာကု ၁၆း၁၆) 'သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျှက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ဗတ္တိဇံကို ပေးကြလော့ (မဿဲ ၂၈း၁၉)

ဒီနှစ်ချက်အရကြည့်ရင် 'ယုံကြည်၍' က အရင်လာပါသည်။ 'တပည့်ဖြစ်စေလျှက်' က အရင်လာပါသည်။ ဗတ္တိဇံသည်ယုံကြည်၍ အတွင်းသဘော ပြောင်းလဲပြီးကြောင်း၊ မိမိယုံကြည်ခြင်းကို ဝန်ခံရာ၌ဖော်ပြသော သက်သေလက္ခဏာသာဖြစ်သည်။

'ယေရှုခရစ်၌ ဗတ္တိဇံခံသောသူတို့သည် အသေ ခံတော်မူခြင်း၌ ဗတ္တိဇံခံကြသည်ဟု သင်တို့မသိသလော။ ထို့ကြောင့်အသေခံတော်မူခြင်း၌ ဗတ္တိဇံကိုခံသော အားဖြင့်ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကိုခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည်ခမည်းတော်၏ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ ကျင်လည်ရကြသတည်း'(ရော ၆း၄)

ဒါကို တမန်တော်ကြီးရှင်ပေါလုကလည်း ဒီလို ရှင်းပြထားပါသည်။ 'ငါသည်ခရစ်တော်နှင့်အတူ အသေခံတော်မူပြီ။ (ဘတ်စ်ကားကြီးပေါ် တက်လိုက်တာနဲ့တူတယ်) သို့သော်လည်း အသက်ရှင်သေး၏ (ငါ့ဘဝကြီးက ဆက်ပြီး ရှင်သန်သွားလာလှုပ်ရှားနေတုန်းပါပဲတဲ့) ထိုသို့ဆိုသော်ငါသည်ကိုယ်တိုင်မရှင် (အဲဒါ ကိုယ်ကသွားနေတာ မဟုတ်ပါဘူးတဲ့) ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ (ဘတ်စ်ကားကြီး သယ်ဆောင်ပေးလို့သာ ရောက်နေရတာတဲ့) ကိုယ်ခန္ဓာ၌ ယခုငါရှင်သောအသက်သည် ဘုရားသခင်၏သားတော်ကို 'ယုံကြည်ခြင်း' အားဖြင့် တည်၏။ (ငါ့ဘဝအသက်ရှင်မှု၊ ပြုမူလုပ်ကိုင်သမျှ၊ ရွေ့လျားရောက်ရှိနေတဲ့ ခရီးမိုင်အားလုံးတို့မှာ ငါကိုယ်တိုင်ရဲ့ 'လုပ်ရပ်' တစ်ခုမှမဟုတ်တော့ပါဘူး။ 'ခရစ်တော်' က သယ်ဆောင်ပေးနေတာတဲ့) ထိုအရာကို ဗတ္တိဇံအသက်တာဟုခေါ်ပါသည်။

'ယုံကြည်ခြင်း' နဲ့ ခရစ်တော်ထဲကိုဝင်ရောက် သွားတာ၊ ကိုယ်ကခရစ်တော်အထဲမှာ 'နစ်မြုပ်' လျှက်ရှိနေတာ၊ ယုံကြည်လို့ နစ်ခြင်းခံတာ၊ နစ်ခြင်းခံလိုက်လို့ ယုံကြည်ခြင်းရလာမှာ မဟုတ်ပါ။

ခရစ်တော်ကိုသဘောမပေါက်ပဲ 'ယုံကြည်မှု' မပါတဲ့အသိပညာကင်းသော အပေါ်ယံကြည်ညိုမှုမျိုးနဲ့ ရေထဲမှာနှစ်လို့ကတော့ 'ရေစိုဘာသာဝင်' တစ်ယောက် အဖြစ်မှာဘဲရှိနေမှာပါ။ ဗတ္တိဇံရဲ့သဘောစစ်က၊ ယုံကြည်တဲ့ကိုယ့်နှလုံးသားကို

'ခရစ်တော်' အထဲကိုနှစ်လိုက်တာ၊

'ခရစ်တော်' အထဲမှာနစ်မြုပ်နေတာပါ။

သိနားလည်မှုကင်းပြီး ယုံကြည်ခြင်း မပါဘဲရေသက်သက်ထဲကိုလူအကောင် လိုက်နှစ်ပြီးနှစ်ခြင်းခံကဒ်ပြားလေးတွေနဲ့ ကောင်းကင်ခရီးသွားဖို့စောင့်နေကြတဲ့ ခရစ်ယာန် ဘာသာဝင်တွေအများကြီးပဲ။ သူတို့ဟာခရစ်တော်အထဲကိုမရောက်ကြသေးဘူး (ဘာသာရေးအသိ သုတဘောင်ထဲမှာပဲ ရှိသေးတာ) လက္ခဏာ သက်သေကတော့ ခရစ်တော်သယ်ဆောင်မောင်းနှင်ရာ ကိုသူတို့မပါသေးလို့ပါပဲ ငါ့လှေငါထိုးပဲခူးရောက်ရောက်၊ ငါ့မြင်းငါစိုင်းစစ်ကိုင်းရောက်ရောက်၊ ဆိုတဲ့ခရစ်ယာန်တွေပေါ့။ 'ငါ' ဆိုတာမှမသေသေးတာ၊ ဒီတော့ ငါသည်ကိုယ်တိုင် 'ငါ့ဟာငါ' ရှင်၏။ ခရစ်တော်သည်ငါ၌မရှင်လို့ ပြောရမဲ့ (ဂလ ၂း၂၀) နဲ့ပြောင်းပြန်ဖြစ်နေတဲ့

လူစားမျိုးတွေပေါ့။

– ငါ့ပါးစပ်နဲ့ငါပြောတာဘာဖြစ်လဲဟဲ့
– ငါ့သဘောနဲ့ငါလုပ်တယ်ကွာဘာဖြစ်လဲ
– ငါ့စိတ်နဲ့ငါတောင်မနေရတော့ဘူးလား
– ငါ့ဘဝနဲ့ငါနေတာကွာလာမရှုပ်နဲ့
– ငါ့ဟာငါသွားချင်သလိုသွားမယ်ကွာ

ငါတို့ကတော့ဒီလမ်းစဉ်အတိုင်းပဲဟေ့၊ လိုက်ရင်လိုက်မလိုက်ရင်နေ။ ဒို့ဆီမှာ ဒါမျိုးထုံးစံမရှိဘူး။ ဒါအဖဆရာကြီး ချမှတ်ထားတဲ့မူဗျ၊ ဖေဖေတို့လက်ထက်ထဲက ဒီအတိုင်းပဲ၊ ဘာမှမပြောင်းနိုင်ဘူး။ မေမေကြီးက ဒီအတိုင်းမှာခဲ့တယ်။

သန့်ရှင်းသောဝိညာဉ်တော်က ဘာခိုင်းသလဲ ခရစ်တော်ကဘာပြောနေသလဲ (တစ်စုံတစ်ခုတော့လမ်းညွှန်နေပါတယ်)

## လျှပ်တစ်ပျက်

ဗတ္တိဇံနည်းနဲ့ ချက်ခြင်းခရီးရောက်သွားတဲ့ စံနမူနာအဖြစ်အပျက်တစ်ခု သမ္မာကျမ်းစာမှာရှိပါသည်။ (လုကာ ၂၃ )မှာပါသည့် ဓားပြလူဆိုးကြီး တစ်ယောက်ပေါ့။ လူသတ်ကုန်းရောက်မှ 'ခရစ်တော်'နဲ့တွေ့ပြီး နောင်တရသွားတဲ့လူကြီးလေ 'ယုံကြည်တဲ့' သူ့နှလုံးသားကို ခရစ်တော်ထဲကိုနှစ်ပစ်လိုက်တာ၊ သူဟာခရစ်တော်ထဲကို ရောက်သွားပါတယ်။ ဒါကြောင့် ခရစ်တော်နဲ့အတူတပါထဲ ပရဒိသုဘုံကို ရောက်သွားခဲ့တယ်မဟုတ်ပါလား (နှလုံးသားကိုနှစ်သောဗတ္တိဇံဟုမှတ်သားပါ) သူကယ်တင်ရာသို့ရောက်ရခြင်းမှာ 'ရေ' နဲ့ပတ်သက်မှုလုံဝမရှိကြောင်းပါ။ နှစ်ခြင်းမင်္ဂလာပြုရန်မလိုဟုပြောခြင်းမဟုတ်ပါ။ (အဓိကနဲ့သာမည ခွဲခြားတတ်ဖို့ပါ)

## လူ၌ခံသောဗတ္တိဇံ၏အရွေ့ မောရှေ၌ခံသောဗတ္တိဇံဟုမှတ်သားပါ။

အစ္စရေးလူမျိုးခေါ် ဣသရေလ (ဂျူး) တို့၏သမိုင်းမှတ်တမ်း၌ 'ခရီးသွားဗတ္တိဇံ' တစ်ခုရှိခဲ့၏။ (၁ကော ၁၀း၁–၅) တွင်ထိုအဖြစ်အပျက်ကိုတွေ့ရ၏။

ဘိုးဘေးအပေါင်းတို့သည် မောရှေ၌ ဗတ္တိဇံကိုခံကြ၏ဟု ဖော်ပြထား၏။ ဣသရေလလူမျိုးတို့အတွက် ဘုရားသခင်သည်မောရှေအားခေါင်းဆောင်ခန့်၍ ရွေးကောက်ခဲ့၏။ သူ့အား 'ယာဉ်' တစ်စီးသဖွယ်အသုံးပြု၍လူမျိုးတော်တစ်စုလုံးကို ကျွန်ခံရာအရပ်အဲဂုတ္တုပြည်မှ ခါနန်ပြည်သို့ ထုတ်ဆောင်စေခဲ့၏။ ဣသရေလလူမျိုးအတွက် ယခုဘဝနှင့်ဆိုင်သော 'ကယ်တင်ခြင်း' တစ်မျိုးဖြစ်၏။ ခေါင်းဆောင်ကြီးမောရှေ၏ ဦးဆောင်မှုကြောင့်၊ မောရှေအထဲ၌တစ်စုတစ်ရုံးထဲရှိပြီး၊ မောရှေအားဖြင့် လူမျိုးစုကြီးတစ်စုလုံးသည် မူလကျွန်ခံ ရာအရပ်မှ လွတ်မြောက်ကာခရီးတစ်ခုအစပြုခဲ့ကြ၏။

ဣသရေလလူမျိုးတစ်ယောက်မကျန် 'လူမျိုးတော်ဖြစ်၍' ရရှိကြသော 'ဘုံ' အခွင့်အရေးတစ်ခုပါ။ ဒီလိုနေရာတစ်ခုကနေရွှေ့လျားကာ၊ အခြားနေရာတစ်ခုသို့ ရောက်လာရခြင်းဖြစ်စဉ်၌၊ လူတစ်ဦးခြင်းစီ၏ဆန္ဒ၊ အားစိုက်မှု၊ လုပ်ဆောင်ချက်တစ်ခုမှ 'မပါဝင်သော' ရောက်ရှိလာမှုပါ။ လမ်းဆုံး 'ပန်းတိုင်' တော့မဟုတ်သေးဘူး။ (ကြားတစ်နေရာ) သူတို့အခြေ အနေက –

– မူလကျွန်ခံရာအဲဂုတ္တုမှာလည်းမဟုတ်၊
– ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားရမဲ့ ခါနည်ပြည်လည်းမဟုတ်၊
– ခရီးတစ်ခုသို့အလိုက်သင့်ရောရောင်ပြီး ပါလာတာကလည်း ကိုယ်နဲ့ဘယ်လိုမှမပတ်သက်။

သူတို့သည် မောရှေအားဖြင့် ပင်လယ်နီကိုအံ့ဩဘွယ်ရာ ကျော်ဖြတ်နိုင်ခွင့်ရခဲ့ကြသည်။ မိုးတိမ်နှင့်မီးတိုင်က အရံသင့်ကွယ်ကာ အုပ်မိုးလမ်းပြခြင်းကို ခံရကြသည်။ အချိန်တန်လျှင်ကောင်းကင်ကမုန့်ကျ၍ စားသောက်ခွင့်ရကြ၏။ (ဆုတောင်းစရာမလိုပါ) ရေလိုအပ်လျှင်၊ အစာစားလိုလျှင် 'ဆန္ဒပြ' (ဂျီကျ) ခွင့်ရှိကြ၏။ (ဆပ်ကပ်စရာမလိုပါ)

အချုပ်ကိုပြောရလျှင် (၁ကော ၁၀း၅) ၌ဤကဲ့သို့တွေ့ရမည်ဖြစ်၏။ 'သို့သော်လည်း သူတို့တွင် များစွာသောသူတို့ကို ဘုရားသခင်အားရနှစ်သက်တော်မမူ။ သူတို့သည်တော၌သေကြေပျက်စီးခြင်းသို့ ရောက်ရကြ၏' ပေးတိုင်းလဲမရကြောင်းတွေ့ရ၏။ ခေါ်တိုင်းလဲမပါလာကြောင်းတွေ့ရ၏။

ပို့တိုင်းလည်းမရောက်ကြောင်းတွေ့ရ၏။

ကိုယ့်သဘောကိုယ်ဆောင်၍ ငါ တကောကောသူများအားလုံးတော၌ သေကြေပျက်စီးခြင်းသို့ ရောက်သွားကြ၏။ သူတို့သည် ဗတ္တိဇံသဘောထဲမှ ခုန်ထွက်ခဲ့ကြ၏။ မောရှေအားဆန့်ကျင်ကြ၏။ တော်လှန်ပုန်ကန်ကြ၏။ စကားနားထောင်ပြီး ညွှန်ကြားချက်အတိုင်း အဆုံးထိလိုက်နာတည်ကြည်မှု မရှိကြသောကြောင့်ပင်။ မောရှေ၌ အဆုံးထိတိုင်အောင် တည်ကြည်သော လူနည်းစုသာခါနန်သို့ ဝင်ခွင့်ရခဲ့ကြ၏။

ပေးသူကပေး၏ ခံယူတတ်ဖို့အရေးကြီး၏။

ခေါ်သူကခေါ်၏ လိုက်ပါတတ်ဖို့လိုပေ၏။

ပို့သူကပို့၏ အပို့ခံတတ်ဖို့ကအရေးကြီး၏။

ဣသရေလလူတို့ မောရှေ၌ခံသော ခရီးသွားဗတ္တိဇံဟုမှတ်သားပါ။

နောက်လဆက်ဖတ်ရန်

တင်အောင်လွင် (Exodus)

# ချီးမွမ်းခြင်း၏တန်ခိုး

## အရက်ကျွန်ဘဝမှ

ဂျင်၏အဖေသည်အနှစ် ၃၀ တိုင်အရက်စွဲနေခဲ့သည်။ မိသားစုက ဖခင်အရက်ပြတ်ရန်ထိုနှစ်များတလျှောက် အလွန်ပင်ဆုတောင်းခဲ့သည်။ ဘုရားရေးကိစ္စကိုလဲ ဖခင်သည်ဆွေးနွေးခွင့်မပြု ဒေါသတကြီးနှင့် ပြန်၍တုန့်ပြန်တတ်သည်။

တစ်နေ့တွင် အရာရာ၌ ချီးမွမ်းရမည် ဟူသောဟောပြောချက်ကို ဆရာမာလင်းထံမှ နာကြားရပြီးနောက် ဂျင်သည် ဖခင်အရက်သောက်သည့်အတွက် လက်ရှိအနေအထားအတိုင်း၊ ဘုရားကိုကျေးဇူးတင်ရန်ဇနီးနှင့်အတူ ချီးမွမ်းကြသည်၊ ထိုတစ်နေ့လုံးလက်ရှိအခြေအနေတိုင်းအတွက်ဘုရား၏ ကျေးဇူးတော်၊ ဂုဏ်တော်ကိုချီးမွမ်းခဲ့ကြသည်။ အသစ်သောစိတ်လှုပ်ရှားမှုနှင့်တကွ မျှော်လင့်ချက် အသစ်ကိုခံစားခဲ့ရသည်။

နောက်တစ်နေ့သည် တနင်္ဂနွေနေ့ ဖြစ်၍၊ ထုံးစံအတိုင်း မိဘနှစ်ပါးသည် ဂျင် တို့အိမ်၌ ညည့်စာ အတူစားရန် ရောက်ခဲ့ကြသည်။ ဖခင်သည်စားပြီးသည်နှင့် အကြောင်း တစ်ခုခုပြ၍ ထပြန်လေ့ရှိသည် ကြာကြာ နေလိုစိတ်မရှိ၊ ယခုမူ ညစာစားရင်း ကော်ဖီသောက်ရင်း၊ အေးဆေးလျှက် စကားစမြည်ပြောနေခဲ့ပြီး ခရစ်တော်အကြောင်း မေးစပြုလာသည်။ ထိုနေ့ ညည့်နက်မှ ပြန်သွားခဲ့ကြသည်။ ထိုနောက် ဖခင်သည် အရက်စွဲနေကြောင်းဝန်ခံ၍၊ ခရစ်တော်၏ မစမှုကိုခံယူကာ အရက်ပြတ်သွားပြီးကျန်မိသားစုများနည်းတူ ချီးမွမ်းခြင်း၏ အကျိုးကိုသက်သေခံနေပြီ။* ဆရာရယ် - အနှစ် ၃၀တိုင်အဖေ ပြောင်းလဲအောင် ဆုတောင်းခဲ့ကြတယ်၊ ဘာမှ မထူးခဲ့ဘူး၊ ကြုံနေရတဲ့အခြေအနေအတွက် တစ်ရက်ဘဲဘုရားဂုဏ်တော် ချီးမွမ်းခဲ့ကြတယ်၊ အဖြေရတယ်လေ✡

## စိတ္တဇဝေဒနာရှင်အတွက်

ဇနီးမောင်နှံနှစ်ဦးသည် ဆရာမာလင်း၏ချီးမွမ်းခြင်းအကြောင်း ဟောပြောချက်ကို နားထောင်ပြီး စိတ်အနှောက်အယှက်ဖြစ်ကာ ပြန်သွားခဲ့သည်။ အဘယ်ကြောင့်မူ သူတို့၏စိတ်ရောဂါကုဆေးရုံသို့ တင်ထားရသည့် သမီးငယ်လေးမှာ မျှော်လင့်ချက်မဲ့ ရှုံးသွပ်နေကြောင်း ဆရာဝန်များထံမှ *ကုမရတော့✡ဟုဖြေရထား၍ဖြစ်သည်။ ထို ကိစ္စအတွက် တိုင်းပြည်အနှံ့ရှိ ဆုတောင်းအဖွဲ့များသို့ မေတ္တာရပ်ခံခဲ့ပြီး မိဘနှစ်ပါးမှာ သမီးကျန်းမာလာဘို့နေ့စဉ် ဆုတောင်းခဲ့သော်လည်း အခြေအနေမထူး၊ ယခုထိုကိစ္စ အတွက် ချီးမွမ်းဖို့စိန်ခေါ်ချက်ကြောင့် မပျော်နိုင်။ *ခုလိုဆိုးဝါးတဲ့ အခြေအနေအတွက် ဘုရားကိုကျေးဇူးတင်ရမယ်ဆိုတော့၊ ဘုရားကို ပြစ်မှားစော်ကားရာကျမှာပေါ့ဘုရားက သမီး ဒီလိုရူးအောင် လုပ်တယ်လို့စွပ်စွဲသလိုမဖြစ်ပေဘူးလား✡

∗ဒီဆရာပြောတာ မှန်ပုံမပေါ်ဘူး - အင်း -တကယ်လို့မှန်ခဲ့ရင်တော့☆ ဟုခင်ပွန်းသည်က ပြန်ပြောပြီး ∗အေးလေ တို့အတွက် အရှုံးတော့ မရှိနိုင်ပါဘူးကြိုးစားကြည့်ရအောင်☆ ဟုဆိုလျှင်ဇနီးလည်း အတူ ဒူးထောက်ရ၏။ ∗အိုအဖ သမီးကို ကျွန်တော်တို့ထက် ကိုယ်တော်ပိုချစ်ကြောင်း သိပါတယ်။ သမီးရဲ့အသက်တာအတွက် အကောင်းဆုံးဖြစ်မဲ့အရာကို ကိုယ်တော်သာ အသိဆုံးဖြစ်ပြီး လုပ်ဆောင်ပေးနေကြောင်း ယုံကြည်လက်ခံရင်း ကိုယ်တော့်ကိုကိုးစားပါတော့မယ် ဒါကြောင့် သမီးလေး အခုလိုဖြစ်နေတဲ့အတွက် အဖကိုကျေးဇူးတင်ပါတယ်။ ဆရာဝန်တွေကုမရတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်။ နည်းလမ်း ရှာမတွေ့ဘူးဆိုတဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အပေါ်ထားရှိတဲ့အဘရဲ့ မေတ္တာအတွက်လည်း ကျေးဇူးတင်ပါတယ်☆ ဟု သူတို့ဆုတောင်းရင်း အတန်ကြာပင်ကျေးဇူးတော် ဂုဏ်တော်ချီးမွမ်းကြ၏။ စိတ်လည်းသက်သာလာ၏။

နောက်မနက်တွင် ဆေးရုံမှသတင်းရ၏ ∗လူကြီးမင်းတို့သမီးအခြေအနေ သိသိသာသာ ပြောင်းလဲနေတယ်၊ လာကြည့်စေချင်တယ်☆ ဟူ၏။ နောက်နှစ်ပတ်တွင် ဆေးရုံကဆင်းလျှက် မကြာမီအကောင်းပကတိဖြစ်ကာ တနှစ် အတွင်း အိမ်ထောင်ရက်သားကျ၍၊ မိခင်လောင်းပင် ဖြစ်ရချေပြီ၊ အပျော်ရွှင်ဆုံးသောမိန်ခလေးတစ်ဦးဖြစ်နေပြီ။

**ကချေသည်ဘဝမှ**

ညကလပ်မှကချေသည်မိန်ခလေး တယောက်၏မိခင်က ဆရာမာလင်း ထံလာ၍၊ သူ့သမီး၏မှု ပျက်စီးနေခြင်း အတွက် ဆုတောင်းပေးရန်ပြောရာ ဆရာက ချီးမွမ်းခြင်းကိုဘဲ ကျမ်းစာဖွင့်၍ သွန်သင်၏။ သူမက အလန့်တကြားဖြစ်ကာ∗ ဆရာရယ်- လူ့ကျင့်ဝတ်ဖောက်ဖျက်ပြီး၊ ဘုရားတရားကိုမထိမ့်မြင်ပြုနေတဲ့ ကျွန်မသမီးအတွက်၊ ဘုရားကိုဘယ်လို ကျေးဇူးတင်ရမှာလဲ စာတန်ကိုပဲကျေးဇူးတင်သင့်တယ်၊ ကျွန်မဒီကိစ္စ အတွက်မချီးမွမ်းပါရစေနဲ့☆ ဟုဆို၏။ဆရာကရှင်းပြသည် ∗ခင်ဗျားအနေနဲ့ သမီးဟာစာတန်ရဲ့ ချုပ်ထိန်းမှုအောက်မှာဘဲ ရှိနေကြောင်း ခံယူမယ်ဆိုရင်၊ ယုံကြည်ခြင်းအားနည်းတာဖြစ်တယ်၊ ဘုရားရဲ့ပြီးပြည့်စုံတဲ့ အကြံ အစည် အောင်မြင်ဘို့ခက်မယ်၊ ခင်ဗျားချီးမွမ်းနိုင်ရင် ဘုရားတန်ခိုးတော် စေလွှတ်မှုကို မြင်ရမယ်☆ နောက်ဆုံး၌ သူမခေါင်းညိတ်ရှာ၏။ ∗ဘုရားသခင်ဘာကြောင့် သမီး ဒီလိုဖြစ်နေရလဲဆိုတာ ကျွန်မနားမလည်ပေမဲ့ ဘုရားခွင့်ပြုထားတယ်၊ ဘုရားတာဝန်ယူမယ်လို့ ယုံလို့ကျေးဇူးတော်ချီးမွမ်းပါတယ်☆ အတန်ကြာအောင် ဆုတောင်းပြီး ∗သမီးနဲ့ ပတ်သက်လို့ ဒီတခါပထမဆုံးအကြိမ်ဘဲ၊ ကျွန်မစိတ်မပူတော့ဘူး၊ စိတ်သက်သာရာရပြီ☆ ဟုပြောသည်။

မကြာမီ သိရသည်မှာထိုညက သူ့သမီးသည် ဝတ်လစ်စလစ်နီးပါး အနေအထားဖြင့် စင်မြင့်ပေါ်၌ ကပြဖြေဖျော်နေစဉ်၊ ညကလပ်ထဲသို့ လူငယ်တစ်ဦးဝင်လာပြီး သူမထံတည့်တည့်လျှောက်သွား၍ သူမအားစိုက်ကြည့်ကာ ∗ယေရှုခရစ်မင်းကိုချစ်တယ်☆ ဟုဆို၏။ လူငယ်များစွာက သူမအားပြောခဲ့သမျှစကားနှင့် လုံးဝခြားနားသောထိုစကားကြောင့် စင်မြင့်ပေါ်မှဆင်းလာ၍ လူငယ်၏စားပွဲတွင်လာထိုင်ပြီး ∗ရှင်ဘာဖြစ်လို့ အဲဒီလိုပြောရတာလဲ☆ ဟုမေးရာ လူငယ်က လမ်းတစ်လမ်းပေါ်တွင် သူလျှောက် နေစဉ်၊ ထိုညည့်ကလပ်မှ ကချေသည်အား ဤသို့သွားပြောရန်နှိုးဆော်သဖြင့် လာပြောရကြောင်းရှင်းပြ၏။ သူမသည်မျက်ရည်ကျလျက် ခရစ်တော်အကြောင်းနားထောင်၍ ယုံကြည်လက်ခံလျက် တကယ်ပင် ပြောင်းလဲခဲ့ရပါသည်။

**အရာရှိကောင်းအတွက်အဖြေမှန်**

∗ကျွန်တော်တော့ အကူအညီတစ်ခု ရမှဖြစ်မယ်၊ မဟုတ်ရင်တော့ရှုံးသွားလိမ့်မယ်☆ ၊အခြေအနေတိုင်းကို အောင်မြင်ခဲ့သူတစ်ဦးဖြစ်ပါလျှက် ခက်ခဲတင်းကြပ်သော အရာရှိလောင်းသင်တန်းတန်းတွင်းမှ ယခင်လို စွမ်းဆောင်နိုင်ခြင်းမရှိတော့ကြောင်း၊ တွေ့လာသောလူငယ်တစ်ဦး၊ ဆရာထံရောက်လာခဲ့သည်။ ဤသင်တန်းမျိုးတွင် တပ်မတော်တာဝန်ဝတ္တရားများ လေ့ကျင့်သင်ကြားပေးရုံမက၊ တပ်ဖွဲ့တွင်ဘဝတူရဲဘော်များအပေါ် အန္တရယ်ပေးနိုင်သည့် အားနည်းချက်များ၊ ဖေါ်ထုတ်ရန်စီမံထားသည့် သင်တန်းမျိုး ဖြစ်သည်။ အရာရှိလောင်းများအနေနှင့် မိမိအခြေအနေမှန်ကို သိမြင်ရန်ဖိစီးမှုတစ်မျိုး

ထည့်သွင်းထားသည်။ဖိစီးမှုမခံနိုင်ဘဲ အက်ကြောင်းပေါ်လာလျှင်၊ တပ်ဖွဲ့၌ လက်တွေ့တာဝန်မယူမီ သိကပိုကောင်းပေသည်။

မိုးလင်းမှ ညည့်နက်သန်းခေါင် တိုင်အောင် သင်တန်းညွှန်ကြားသူ၏ ဖိအားပေးမှု စောင့်ကြည့်ရှုမှု ခံနေရသည်။ ပြစ်တင်ဝေဖန်ခြင်းခံနေရသည်။ *ဗိုလ်လောင်းမင်း ဒီထက်မြန်အောင်မလုပ်နိုင်တော့ဘူးလား☆ *ညွှန်ကြားချက်အတိုင်း လိုက်မလုပ်နိုင်လောက်အောင် မင်းထုံထိုင်းနေလား☆ *မင်းအမြတမ်း ဝက်လိုဘဲစားတက်သလား☆ *မင်းဆီမှာကျောရိုးမရှိဘူးလား☆ *မင်းအမေလာကူညီဘို့ လိုနေသလား☆*ဗိုလ်လောင်းရေအဆောက်အဦးကို တစ်ပတ်ထပ်ပတ်ပြေးလိုက်ပါဦး-အဲဒါမှပဲ မင်းရဲ့ခြေလှမ်းကို ဘယ်လိုလုပ်ရမယ်ဆိုတာ နားလည်လာလိမ့်မယ်ထင်တယ်☆

လူငယ်သည်မိမိကိုယ်ကို ယုံကြည် စိတ်ချမှု ယုတ်လျော့လာပြီး၊ ကြံရာမရဖြစ်နေသည်။ ထွက်ပြေးရန်ကြံနေပြီ လိုအပ်က တရားအစွဲမခံရရန် တိုင်းတပါးသို့ပင် ပြေးဘို့ကြံနေသည်။ ဆရာကကျမ်းစာကို ရှင်းပြသည်။ ဘုရားတတ်နိုင်ကြောင်း ကျေးဇူးတော်ချီးမွမ်းလျှင် အောင်ပွဲခံနိုင်မည်ဟု ရှင်းပြသည်။

နောက်ဆုံးသူ့ခေါင်းပေါ်လက်တင်၍ အခြေအနေအရပ်ရပ်အတွက် ချီးမွမ်းပေးသည်။ သူကိုယ်တိုင်ကလည်း ဘုရားသခင်ကို ချီးမွမ်းပါတယ် ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်၊ ကိုယ်တော်ကျွန်ုပ်ကို ဂရုစိုက်နေကြောင်းယုံပါပြီ☆ ဟုမျက်ရည်များ ဖြင့်ချီးမွမ်း၏။ ဒီဗိုလ်လောင်းသင်တန်းကို ဘုရားသခင် ပို့ခဲ့တာပါ၊ ဒီကျောင်းမှာဘဲ ကျွန်တော့ အသက်တာအတွက် အဖြေမှန်ရမှာကို ကိုယ်တော်သိနေတယ်လို့ ကျွန်တော်နားလည်ပြီ☆ ဟုဝန်ခံ၏။ တကယ်ပင်များမကြာမီသူသည် လူသစ်ဖြစ်လာက၊ အကောင်းဆုံးအဆင့်ဖြင့် အောင်မြင်သွားခဲ့သည်။ မိမိအားနည်းချက်ကို သိမြင်ဝန်ခံ၍ ဘုရားသခင်အားချီးမွမ်းပြီး လက်တော်သို့ အပ်နှံခြင်းကအဖြေမှန်ရစေခဲ့ပြီ။

**အက်ကြောင်း (ဟေရှာ ၃၀း၁၃)**

-အဆိုးအားဖြင့်အရှုံးမပေးနှင့်၊ အကောင်းအားဖြင့်အဆိုးကိုနိုင်လော့ (ရော ၁၂း၂၁)

- နောက်ယှက်သူကို မဆီးတားနှင့်ဟု သခင်ယေရှုမိန့်ခဲ့ပြီ။ ရံဖန်ရံခါ ကောင်း သောအကြံအစည်တော်ကို ဖေါ် ဆောင် ရန်အဆိုးကိုခွင့်ပြုတတ် သောဘုရားရှင်ဖြစ်သည်။ အဆိုးကိုဆီးတားခြင်း၊ ဆန့်ကျင်ခြင်း၊ ရှုန်းထွက်ခြင်းဖြင့် အကြံစည်တော် ကို ငြင်းဆန်ရာရောက်သည်။ အကြောက် တရားနှင့် သံသယစိတ်များထံ၌ ၊ အဆိုး ကိုလွှမ်းမိုးခွင့်ပြုထားခြင်းက ဘုရားရှင် ပါဝင်ကူညီမှုကို ဆီးတား၏။ ယုံကြည်ခြင်း၌ ရပ်တည်လျှင် ပြင်ပ အခြေအနေကို ဂရုမ စိုက်၊ စိတ်ခံစားချက် ကိုငြင်းပယ်၊ နှုတ် ကပါတ်တော်ကိုမျက်မှောက်ပြု ဝိညာဉ် တော်ဘုရား၏ ဦးဆောင်မှုကို ဝန်ခံရန်ရွေး ချယ်လိုက်ခြင်းဖြစ်သည်။

ဘုရားသခင်သည် လေပြင်းမုန်တိုင်း၊ မြေလျှင်၊ တိုနာဒို(သို့)ဟာရီကိန်း၊ မုန်တိုင်းနှင့်စစ်ပွဲများ ငတ်မွတ်ခေါင်းပါးမှုနှင့် ကပ်ရောဂါများ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်း၊ တွင်းပြင်၌ ပေါက်နေသောပန်းများ၊ စာငှက်ကလေးများ၊ ဦးခေါင်းတိုင်းရှိ ဆံပင်များစသည်တို့ကိုတာဝန် ယူထိန်းချုပ်ထားကြောင်း၊ သမ္မာကျမ်းစာက အခိုင်အမာ ဖေါ်ပြထားသည်။ အသက်တာ တစ်လျှောက်လုံး၌ ဘုရားရှင်အပေါ်စိတ်ချစွာယုံကြည်ကိုးစားရေး၊ မကိုးစားရေးကို ကျွန်တော်တို့ရွေးချယ်ဆုံး ဖြတ်ရမည်။

ဝန်းကျင်အခြေအနေ အဖြစ်အပျက်တိုင်းသည်၊ ဘုရားခွင့်ပြုချက်အထဲ၌ ရှိနေကြောင်း ငြင်းဆန်နေလျှင်အိုးမြေသည် အိုးထိန်းကိုစောဒကတက်နေသလို ရှိမည်။ *ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ☆ (ယေရမိ ၂၉း၁၁) ဟု ဘုရားရှင်မိန့်ထားသည်။

ယောသပ်သည် မိမိကိုရက်စက်စွာ ငြင်းပယ်ရောင်းစားခဲ့သောအစ်ကိုများအား ဤသို့နှစ်သိမ့်ခဲ့သည်။ *သင်တို့သည် ကျွန်ုပ်ကို ဤသို့ရောင်းလိုက်မိသောကြောင့် စိတ်မညှိုးငယ်ကြနှင့်၊ ကိုယ့်ကိုယ်ကိုအမျက်မထွက်ကြနှင့်၊ အကြောင်းမူကား ဘုရားသခင်သည် လူတို့အသက်ကို စောင်မစေခြင်းငှာသင်တို့ရှေ့၌ ကျွန်ုပ်ကို စေလွှတ်တော်မူပြီ၊ သို့ဖြစ်၍ သင်တို့သည် ကျွန်ုပ်ကိုဤအရပ်သို့စေလွှတ်သည်မဟုတ်၊ ဘုရားသခင်စေလွှတ်တော်မူ သတည်း။ သင်တို့သည် ကျွန်ုပ်ကို ညှင်းဆဲမည်ကြံသော်လည်း ဘုရားသခင်သည် ယနေ့ဖြစ်သည့်အတိုင်းလူများအသက်ကို ချမ်းသာစေခြင်းငှာကျေးဇူးပြုမည်ကြံတော်မူ၏☆ (ကမ္ဘာဦး ၄၅း၅-၈။ ၅၀း၂၀)

လွန်စွာနာကျည်းစရာကောင်းသော အခြေအနေဆိုးများ၏ အဆုံးတွင်အဖြေကို ယောသပ်တွေ့ရပြီ မို့ဤသို့ပြောနိုင်ခဲ့ခြင်းဖြစ်သည်။ *ငါ၏ရှေ့မှာအဘယ်သူရပ်နိုင်သနည်း၊ ငါသည်ကျေးဇူးတုန့်ပြန်ရမည့်အကြောင်း အဘယ်သူသည် ငါ၌ကျေးဇူးပြုဘူးသနည်း။ မိုးကောင်းကင်အောက်၌ ရှိရှိသမျှတို့ သည်ငါ၏ဥစ္စာဖြစ်ကြ၏။ (ယောဘ ၄၁း၁၀-၁၁)

စုံစမ်းစစ်ကြောခြင်းခံရရှာသော ယောဘ ဖြေသည်က *ယခုမူကား ကိုယ်တော်ကို မျက်စိနှင့်မြင်ရပါ၏ ထို့ကြောင့် အကျွန်ုပ်သည်ကိုယ်ကိုရွံရှာပါ၏၊ မြေမှုန့်နှင့်မီးဖိုပြာ၌ ထိုင်၍နောင်တရပါ၏ဟု လျှောက်လေ၏✡ (ယောဘ ၄၂း၁-၃။၅-၆) *ငါသည်သင်တို့ကိုအကျိုး နည်းစေခြင်းငှာ ကြံစည်သောအကြံမဟုတ်ဘဲ၊ သင်တို့သည်မျှော်လင့်သော အကျိုးကိုရမည့်အကြောင်းငြိမ်ဝပ်စေခြင်းငှာ သာသင်တို့အဖို့ကြံစည်သော အကြံတို့ကိုငါသိ၏။ (ယေရမိ ၂၉း၁၁) (ရောမ ၁၂း၁-၂) ၌ * စိတ်နှလုံးကိုအသစ်ပြုပြင်၍ ကြီးရင့်ခြင်းသို့ရောက်ကြလော့✡ ဟုဖော်ပြ၍ထားသည်။ ချစ်ခြင်း၊ ကြင်နာခြင်း၊ စိတ်ရှည်ခြင်း၊ သီးခံခြင်း၊ နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းဟူသည့် (ဂလာတိ ၅း၂၂) ဝိညာဉ်အသီးများသီးရန်ဘုရားအလိုရှိသည်။ နှစ်ပေါင်းများစွာကျင့်သုံးလာခဲ့သည့်အတွေးအခေါ် အမူအကျင့်ဟောင်းများချွတ်ပယ်ရန်၊ ကိုယ်တိုင်မကြိုးစားနိုင်ကြရာ ဘုရားရှင်ကိုယ်တော်တိုင်ဤအမူအကျင့်များကိုချွတ်ပယ်ပေးပြီး မေတ္တာတော်ကိုခံစားရယူ၍ လူသစ်ဖြစ်စေချင်သောကြောင့် စစ်ကြောစုံစမ်း၍ ခရစ်တော်နှင့်သဏ္ဌာန်တူစေရန် စီစဉ်ရာတွင် ကျွန်တော်တို့ကြုံတွေ့ရသမျှ အခြေအနေနှင့်ဖြစ်ပျက်မှုအရာရာကို အသုံးချတော့သည်။ (ရောမ ၈း၂၈) ထိုမျှမက ကျွန်တော်တို့အတွက် ချစ်ခြင်းမေတ္တာသည် အရေးအကြီးဆုံးအရာဖြစ်သည် ဘုရားရှင်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်ရန်နှင့် ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရန် ပြုပြင်ဖန်ဆင်းခြင်းခံထားရသူများ ဖြစ်ကြသည်။ ထို့ကြောင့်လဲ ချစ်ရန်ပျက်ကွက်သည့်အခါ နာကျည်းခြင်းများ၊ ကြောက်ရွံ့မုန်းတီးခြင်းများ သံသယများ၊ အပြစ်မြင်ခြင်း၊ ရန်လိုခြင်း၊ မကြည့်မမြင်လိုခြင်းများ၊ စိတ်ခံစားမှု ဒဏ်ရာဒဏ်ချက်များ၊ အချည်းနှီးဖြစ်ခြင်း၊ မိမိအတွက် ခုခံချေပတတ်ခြင်းများသည် ချစ်ခြင်းမေတ္တာခေါင်းပါးမှု၏ အကျိုးဆက်ဖြစ်သည်။

(၁ ကော ၃) တွင် မေတ္တာမူလအရေးကြီးဆုံးဖြစ်ကြောင်း သွန်သင်သည်။ ကျွန်တော်တို့၏နှလုံးသား၌ လျှို့ဝှက်ပုန်းကွယ်နေသော အားနည်းချက်များက အုတ်နံရံကြီးတစ်ခု၏ အောက်ခြေမှသေးငယ်သော အက်ကြောင်းအလား ဖြစ်သည်။ (ဟေဗြဲ ၃၀း၃၃) ထိုအပြစ်ကြောင့် နံရံတစ်ခုလုံးပြိုကျလိမ့်မည်ဟု ကျမ်းစာဆိုသည်။ ဤအက်ကြောင်းများကို ဘုရားသခင်က ဖေါ်ထုတ်သည်၊ သိမြင်စေသည်၊ ဝန်ခံအပ်နှံခြင်းဖြင့် ကိုယ်တော်၏ မစကူညီမှုကို ရယူစေလိုသည်၊ အခြေအနေမှန်ကို ထုတ်ဖေါ် ဝန်ခံခြင်းအားဖြင့် ဘုရားမစမှုကို ရရှိနိုင်သည်။

အရာရှိလောင်းသင်တန်း အတွေ့အကြုံမျိုးကိုအသက်တာတွင် ကျွန်တော်တို့ တွေ့ကြုံလျှင် ထွက်ပြေးရန်မလို၊ ဝန်ခံအပ်နှံ၍ ချီးမွမ်းရန်လိုသည်။ ဘုရားမစမှုဖြင့် အတွင်းဝိညာဉ်ပြုပြင်ခြင်းကိုခံယူ၍၊ အရာရာ၌ ယေရှုခရစ်အားဖြင့် အောင်ပွဲခံနိုင်သည်။ (ဖိလိပ္ပိ ၄း၁၃)

အရာရာ၌ ချီးမွမ်းပါဟု ကျမ်းစာက ဆိုသဖြင့် ချီးမွမ်းရမည်။ ချစ်ဘို့အလွန်ခက်ခဲသူတွေအတွက် ဘုရားရှင်ကိုကျေးဇူးတင်ပါသလား! ဆက်ဆံရခက်သည့် အလုပ်ရှင်အတွက် ဘုရားဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းဘူးသလား! ဘုရားက သင့်ကိုချစ်သဖြင့် ထိုသူတို့အား ချစ်တုံ့ပြန်ပြီး ခံစားရမည့် ဝမ်းမြောက်ပျော်ရွှင်မှုမျိုးကို သင်ရယူခံစားစေလို၍ ဖြစ်သည်။ ကိုယ်တော်ကိုယ်တိုင်က ထိုသူတို့အား ချစ်၍ သင်မှတဆင့် ဘုရားမေတ္တာကို သူတို့အပေါ် သွန်းလောင်းလိုကြောင်း သိပါ။ *ရန်သူကိုချစ်ပါ✡ ဟုဆိုသော ခရစ်တော်၏ စကားအမှာကို *ဘုရားရှင်သည် ယုံကြည်သူတို့ကို ကြီးစွာသော ကျေးဇူးတော်ချပေးလို၍ မှာခဲ့ကြောင်း ကျမ်းစာ၌ ရေးထားသည်။ (လုကာ ၆း၃၅-၃၆) *ထိုဘုရားသည်ကျေးဇူးမသိသောသူ၊ ဆိုးသောသူတို့အား ကျေးဇူးပြုတော်မူ၏။ သင်တို့အဘသည် သနားခြင်းစိတ်ရှိ သကဲ့သို့၊ သင်တို့သည်လဲ သနားခြင်းစိတ်ရှိလော့။ ဟုအမိန့်တော်ရှိရာ ဆိုးညစ်သော မချစ်တတ်သော သူကိုမေတ္တာပြခိုင်းခြင်း ဖြစ်

သည်။ အလိုတော်နှင့် အကြံအစည်တော် ဝန်ခံနိုင်ရန်သင့်အား ပြုပြင်ပုံသွင်းပေးမည့် ဘုရားရှင်ထံဝန်ခံအပ်နှံပါ။ ချစ်ဖို့ခက်ခဲနေကြောင်း ဝန်ချတောင်းပန်ပါ။

မိမိကိုယ်ကိုသူတပါးထက် ဖြောင့်မတ်မှန်ကန်သည်ဟု ထင်နေခြင်း၊ မိမိကိုယ်ကို ငဲ့ညှာ သနားနေခြင်း၊ ဆင်းရဲဒုက္ခကို ကြံ့ကြံ့ခံနိုင်သူ အဖြစ်မှတ်ယူနေခြင်း အစရှိသည့် တံကျင် ကို သိမြင်ဝန်ခံဖို့ခဲယဉ်း လှပေသည်။

**အရက်သမားမယား**

ခရစ်ယာန်အမျိုးသမီးတစ်ဦးသည် အရက်သမားဖြစ်နေသည့် ခင်ပွန်းသည်၏ ဆိုးကျိုးကို နှစ်ရှည်ခံစားနေခဲ့ရသည်။ နောက်ဆုံးတွင် အရက်သမားသည် တရားဥပဒေဖေါက်ဖျက်မှုဖြင့် ထောင်ကျသွားရာ ဇနီးသည် သည်နိုင်ငံတော်မှ ထောက်ပံ့စရိတ်ဖြင့် သားသမီးများကို ရုန်းကန် ကျွေးမွေးရသည်သို့သော် ဘုရားကျောင်း မှန်မှန်ပို့ဆောင်သည်။ သူမကိုယုံကြည်သူအသိုင်းအဝိုင်းက အိမ်ရှင်မကောင်းတစ်ဦးအဖြစ် ချီးကျူးကြသည်၊ ခင်ပွန်းသည်ကိုမူ မူးရူးသည် မိသားစုသိက္ခာချသည်၊ အလုပ်လက်ကြောမတင်းဟုကဲ့ရဲ့ကြသည်။ သူမသည် ခင်ပွန်းသည် ထောင်ထဲရောက်နေစဉ်ပင်ကွာရှင်းခဲ့သည်။ တနေ့၌ သူမသည် ချည်နှောင်ခြင်းမှ ချီးမွမ်းခြင်းသို့ဟူသော စာအုပ်ကိုဖတ်ရရာ ✳နှစ်ရှည်လများ သူမခံစားနေရသည့် ဆင်းရဲဒုက္ခများအတွက် ကြီးစားချီးမွမ်း✡ တော့သည်။

✳ဘုရားသခင် ကျွန်မယောကျ်ား အရက်သောက် တတ်တဲ့အတွက် ကိုယ်တော့်ကို ကျေးဇူးတင်တင်ပါတယ်၊ ဆင်းရဲကျပ်တည်း ပြီး ကြောက်ရွံ့ခြင်းတွေရဲ့အထီးကျန်ဆန်စွာ ဖြတ်သန်းခဲ့ရတဲ့ နှစ်တွေအတွက်လည်း ကိုယ်တော့်ကို ကျေးဇူးတင်ပါတယ်✡ မကြာမီ ခင်ပွန်းထောင်မှလွတ်လာကြောင်း ယခင်လိုမူးယစ်သောက်စားဆဲဖြစ်ကြောင်း ကြားရသည့်တိုင်ဘုရားရှင်ကိုသူမ ဆက်လက် ချီးမွမ်းနေသည်။ သူမသည်မိမိ အသက်တာကို ဆင်ချင်မိလာခဲ့ရတော့သည်၊ သူမသည် အရက်သောက်သော ခင်ပွန်းထက်ပင် အပြစ်ကျူးလွန်နေကြောင်း သိလာသည်။ ခင်ပွန်း၏မျက်လုံးထဲမှ ဖြောင့်ငယ်ကိုကြည့်ရင်း ကိုယ့်မျက်လုံးထဲမှတံကျင်ကို သတိမထားခဲ့ကြောင်း မိမိသည် ခင်ပွန်းထက်ကောင်းမွန်သူအဖြစ်မှတ်ထင်ကာ၊ ခင်ပွန်းကိုပြစ်တင် စီရင်ခဲ့ကြောင်း၊ မိမိကိုယ်ကို ဂရုဏာသက်ပြီး စိတ်ဓါတ်ကျခါ ပျော်ရွှင်မှုကင်းသောဘဝအဖြစ်ဖန်ဆင်းခဲ့ကြောင်း များသိလာသည်။

✳အိုအဖ - ကျွန်မအပြစ်များပြားဆိုးဝါးကြောင်း သိမြင်ပါပြီ အချင်းချင်းချစ်ဖို့ ဒုက္ခထဲမှာဝမ်းမြောက်ဖို့ ကိုယ်တော်မိန့်ထားပေမဲ့ နားမထောင်ခဲ့မိပါပြီ၊ အချင်းချင်းချစ်ဖို့၊ ဒုက္ခထဲမှာ ဝမ်းမြောက်ဖို့၊ ကိုယ်တော်မိန့် ထားပေမဲ့ နားမထောင်ခဲ့မိ ပါ၊ ခွင့်လွှတ် တော်မူပါ၊ သူ့ကိုလည်းပြုပြင်မူပါ၊ ကိုယ် တော့်မေတ္တာ ရရှိခံစားစေပါ✡ ဟု ဆုတောင်း၏။ တွေ့ကြုံရသမျှ အခြေအနေတိုင်းကို ကျေးဇူးတော်ချီးမွမ်းတတ်ပြီး အခက်အခဲများက ဘုရားထံမှ ဝမ်းမြောက်ခြင်းနှင့် ချစ်ခြင်းမေတ္တာသိလာခဲ့၍၊ ဂုဏ်တော်ချီးမွမ်းအသက်ရှင်လာရာ စိတ်ဓါတ်ကျဆင်းမှုများနှင့် မိမိကိုယ်ကိုယ်သနားအား ငယ်မှုများ ပျောက်ကွယ်ကုန်ပြီး၊ များမကြာမီ ခင်ပွန်းသည် အသင်းတော် တစ်ခု၏ ဝတ်ပြုခြင်းသို့ မျက်စိလည်လမ်းမှားရောက်ရှိသွားခဲ့ပြီးနောက်၊ ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံကာ၊ တစ်ဆယ့်ငါးနှစ်တိုင်တိုင် အချုပ်အနှောင် ခံခဲ့ရသောအရက်၏ ကျေးကျွန်ဘဝမှ လွတ်သွားခဲ့၏။ မကြာမီသူမ နှင့်ပြန်လည် လက်ထပ်၍၊ အမှုတော်ဆောင်အဖြစ် ဆက်ကပ်ကာကျမ်း စာကျောင်းတက်တော့၏။

စွဲလမ်းသောအခြေအနေများက ဝိညာဉ်ရေးရာကြွက်သားများ သန်စွမ်းလာရန်၊ လေ့ကျင့်ဘို့ ဘုရားပြင်ဆင်ပေးသော အခွင့်ကောင်းဖြစ်၏။ သို့မဟုတ် ကျွန်တော်တို့၏ အားနည်းချို့ယွင်းချက်များကို ဖေါ်ပြပေးသည့် ဘုရား၏နည်းလမ်းဖြစ်သည်။ ဘုရားကိုအမှီပြုမည့်အစား လူ့အကြံဉာဏ်ကိုရှာဖွေခြင်းက ကိုယ့်ကိုယ်ကိုအားကိုး နေခြင်းသာ၊ အခြေခံအုပ်မြစ်အတွက် အန္တရယ်ရှိသောအက်ကြောင်းဖြစ်၏။ (ဟောပြဲ ၃ဝး၁၃)၊ ထိုအရာကိုသိမြင်ရန်ဘုရားရှင်က အခက်အခဲကြုံစေခြင်းဖြင့်ထင်ရှား ဖော်ထုတ်ပေး၏။ ကူမသူမဲ့သော အခါခွန်အားနှင့်အစွမ်း သတ္တိကိုဘုရားထံမှတောင်းခံပြီး သင့်ဝမ်းမြောက်စရာအကြောင်းရနိုင်သည်။

**ဒေါ်စန်းစန်းမြင့်**

(ဆရာကေဇော်ထွန်းဘာသာပြန်ထားသော merlin carothen ရေးသည့် power in praise မှကောက်နှုတ်ချက်အချို့ကို အကျဉ်းရုံး၍တင်ပြသည်။)